တောင်ပေါက်ကြီးကျေးရွာ

ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောင်ပေါက်ကြီးကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ များပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်မျ ားကိုတက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်န ည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးျ ြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက် လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြု စီမံကိန်းလုပ်ငန်း များ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

အောက်တိုဘာ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တောင်ပေါ်ကြီးကျေးရွာ


## တောင်ပေါ်ကြီးကျေးရွာ
## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |

| | | |
|---|---|---|
| ၅ | **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **သေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစား၌ေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |

ကျေးရွာနှင့်သယံဇာတပြမြေပုံ

............အင်းမှိုင်း..................... ကျေးရွာ၊ ......[illegible]..............ကျေးရွာအုပ်စု၊ ကလောမြို့နယ်။




ရက်စွဲ။ ။၂၇.၁၁.၂၀၁၇

## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

တောင်ပေါ်ကြီးကျေးရွာသည် ပင်းတယ-ရွာင် ကားလမ်းမပေါ်တွင် တည်ရှိပြီး ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၄၈၈၀ ပေအမြင့်တွင် တည်ရှိပြီး သက်တမ်းရင့် ကုန်းမြေအမျိုးအစားဖြစ်ပေသည်။ပင်းတယမြို့နယ်မှ(၃)မိုင်အကွာတွင် တည်ရှိပြီး အရှေ့မြောက်ဘက်တွင် ထင်းရှူးကုန်းကျေးရွာ အနောက်မြောက်ဘက်တွင် အပေါ်တတန်းကျေးရွာ အနောက်တောင်ဘက်တွင် ရှော်ပင်ကျေးရွာတည်ရှိပါသည်။နေလူမျိုးအများဆုံးနေထိုက်ကြပြီး အင်းသားလူမျိုး အနည်းငယ်နေထိုင်ကြပါသည်။တောင်ကုန်းတောင်တန်းများ ဖြစ်ကြသဖြင့် စက်ကရိယာများဖြင့် လုပ်ကိုင်၍ မရသောဒေသဖြစ်ပါသည်။ကျေးရွာ၏ အဓိကစီးပွားရေး လုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် လက်ဖက်၊ဂျုံ၊အာလူးနှင့်အခြား ဆောင်းသီးနှံ ရွှေပဲ ကို အဓိက စိုက်ပျိုးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။သို့သော် သစ်တောများ ပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။လက်ဖက်စိုက်ရန်နှင့် ဂျုံးစိုက်ပျိုးရန် မြေအသင့်အတင့်ရှိကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။လက်ဖက်စိုက်ပျိုးရန် အကောင်းဆုံး မြေအမျိုးအစား ဖြစ်ပါသည်။မိုးရာသီတွင်သာ စိုက်ပျိုးရသော ဒေသဖြစ်ပါသည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘာသာရေး အခြေခံအဖွဲ့များသာ ရှိပြီး ဖွံ့ဖြိုးရေးဆောင်ရွက်သည့် အဖွဲ့များ မရှိသေးပါ။စနစ်တကျ လုပ်ကိုင်နိုင်ခြင်းလည်း အရှိသေးပါ။အစုအဖွဲ့များသည် ဆုံးဖြတ်နိုင်စွမ်း မရှိသေးပါ။ကျေးရွာတွင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် လက်ဖက်၊ဂျုံ၊အာလူးနှင့် အခြားဆောင်းသီးနှံ ရွှေပဲကို အဓိကထားစိုက်ပျိုးကြသည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် လယ်ယာမြေများ မရှိပါ။လက်ဖက် နှစ်ရှည်သီးနှံခင်း စိုက်ကြပြီး ဂျုံးကို လက်ဖက်ခြံထဲတွင် သီးညှပ်အဖြစ်စိုက်သည်။မြေဩဇာ အခြေအနေမှာ အသင့်အတင့်ရှိပြီး မိုးရေဖြင့်သာ စိုက်ကြသည်။ တောင်သူအများစုသည် အလုပ်သမားမလုံလောက်၍ အလုပ်သမားကိုလုပ်ခပိုမိုပေး၍ ငှားရမ်းရသဖြင့်

ကုန်ကျစရိတ်ပိုများသည်။ အလုပ်သမားဈေးကြီး၍ စပါးကိုပက်ကြဲစိုက်ကြသည်။ မိုးခေါင်မှုကိုလည်းရင်ဆိုင်ရသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင်နွားမွေးမြူသောအိမ်ထောင်စု(၂၅)စု နွားကောင်ရေ (၇၀)၊ဝက်မွေးမြူသော အိမ်ထောင်စု(၁)စု နှင့်ဝက်ကောင်ရည် (၁)ကောင်နှင့် ကြက်မွေးမြူသောအိမ်ထောင်စု (၁၂)စုကြက်ကောင်ရေ (၆၈)ကောင် တို့ကိုမွေးမြူကြသည်။ရာသီအလိုက် ဖြစ်ပွားတတ်သောတိရိစ္ဆာန်ရောဂါများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

**(ဂ) ငါးလုပ်ငန်း**

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့်ငါးလုပ်ငန်း ဆောင်ရွက်မှုမရှိပါ။

**(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင်အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိပါ။လက်မှုလုပ်ငန်းများလည်း မရှိပါ။နေ့စား အလုပ်သမား၊ လက်သမား၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းတို့သာရှိသည်။ထိုအိမ်ထောင်စုမှာ ဝင်ငွေထွက်ငွေ မညီမျှပါ။ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေမှာများပြားပါသည်။အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း များနှင့် အထိအတွေ့နည်းပါးသည်။လုပ်ငန်းလုပ်ရန် ပညာအရည်အချင်း နိမ့်ကျပြီး သင်တန်းတက်ရန် ကုန်ကျသည့်ငွေကြေးလည်းမတတ်နိုင်ပါ။လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ် မတတ်နိုင်ကြပါ။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူအနည်းစုသည် ချေးငွေအသီးသီးဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ ပက်မြန်မာအသင်းအဖွဲ့မှလည်းချေးယူကြသည်။ကျေးရွာသားအများစုသည် ချေးငွေကိုစိုက်ပျိုးရေး အတွက် အဓိကထားချေးယူကြသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထား ကိုလေ့လာဆန်း စစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုအချို့သည် အကြွေးယူထားကြပြီးအကြွေးငွေ (၅၀၀၀၀)မှ (၅၀၀၀၀၀)ထိချေးယူကြောင်းတွေ့ရှိရသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာ၏ ရွာတွင်းလမ်းအချို့မှာ ကွန်ကရစ်လမ်းဖြစ်သော်လည်း အချို့နေရာများမှာ မြေသားလမ်းသာ ဖြစ်သည်။၎င်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုရသော်လည်း လမ်းမကောင်းပါ။မိုးတွင်းခါတွင် ရွှံ့အိုင်များဖြစ်ပေါ်၍ သွားလာရခက်ခဲသကဲ့သို့ ကျောင်းသူကျောင်းသားများ ကျောင်းသွားရာတွင် ခက်ခဲကြောင်း သောက်သုံးရေခပ်ယူရန် အတွက်လမ်းလိုအပ်ကြောင်း တွေ့ရှိရပါသည်။ရေပြွန်တံတား မရှိပါ။အချို့နေရာများတွင် ရေကျော်၍ သွားလာရခက်ခဲသည်။ ရေကြောင်းခရီးသယ်ယူပို့ဆောင်ရေးမရှိပါ။သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား များကိုသာ အဓိက ထားအသုံးပြုကြသည်။လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများဖြစ်နေရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စု(၃၀၁)စုနှင့် ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု (၇၁)စုရှိပါသည်။လျှပ်စစ်မီးရရှိမှုကြောင့် ကျောင်းသားကျောင်းသူများ စာကျက်ရန်လွယ်ကူခြင်း၊ ထမင်းဟင်းချက်ပြုတ်ရန် အတွက် အဆင်ပြေသောကြောင့် သစ်ခုတ်၊ အပင်ခုတ်မှုများအား ကာကွယ်ရာ ရောက်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကိုလူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီးအင်တာနက် ၊ သတင်းချိတ်ဆက်မှုများလည်းရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာအသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၄၇၃)လုံး၊ ရေဒီယို(၇၃)လုံး၊ တီဗွီ(၂၇၂)လုံးနှင့် ဂြိုလ်တုစလောင်း(၂၃)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့အတွက် အဆင်ပြေပါသည်။

## (ဃ) ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်း ရှိပါသည်။ကျေးရွာတွင် အထက်တန်းကျောင်းရှိ သဖြင့် အထက်တန်းအဆင့်၊အလယ်တန်း၊မူလတန်းကျောင်းအဆင့် ကျောင်းသူ/သားများ လမ်းပန်းခရီးကောင်းမွန် သဖြင့် အလွယ်တကူ ရပ်ဝေးရပ်နီးမှ ကျောင်းသား/သူများ ပညာသင်ယူနိုင်ပါသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်မှုရှိပါသည်။ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိပါသည်။ ကျောင်းဆရာ/မ ဦးရေ လုံလောက်မှုရှိသော်လည်း ကျောင်းခြံစည်းရိုး အကောင်းခြင်းကြောင့် ကျောင်းသူ/သားငယ်များ ဘေးအန္တရာယ် ကြုံတွေ့မှုအတွက် စိုးရိမ်နေရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရပြည့်ဝကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်နှင့် သက်ကြီးပိုင်းတို့သည် လည်းတစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်ရှိကြသည်။ရွာသူ/သားများ၏ ကျန်းမာရေး အတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ကျောက်တည်၊ အစာအိမ်၊ သွေးတိုး၊ ဝမ်းဗိုက်တွင်းရှိရောဂါများအဖြစ်များသည်ကိုတွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းပါသည်။

ကျေးရွာ၏ အိမ်အများစုသည် စိမ့်စမ်းရေသွယ်ကို သုံးကြသည်။မိုးနှင့်ဆောင်းတွင် ရေလုံလောက်စွာရရှိသော်လည်း တပို့တွဲ၊တပေါင်း၊တန်ခူးလများတွင် အိမ်သို့ ရေသွယ်၍ မရပါ။ရေကိုသို့ ပုံးဖြင့် သွားရောက်ခပ်ယူရပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လက်ဖက် ၊ဂျုံးနှင့် ရွှေပဲသီးနှံများကိုစိုက်ပျိုးရာတွင် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်။ ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မရေးရာတာဝန ်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြားပြင်းထန်စွာအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်းအလယ်တန်း၊ မူလတန်းအဆင့်တွင် မအရေအတွက် မှာကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကိုပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်းအမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်း များတွင်မူအမျိုးသမီး ပါဝင်မှုတို့မှာအလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်

ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ တောင်ပေါ်ကြီးကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – တောင်ပေါ်ကြီး | | ကျေးရွာအမည် – တောင်ပေါ်ကြီး | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအုတ်တံတိုင်းကာရံခြင်း(၆'ခန်း– ၃၅ခန်း) | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတားဆောက်လုပ်ခြင်း | ရွာတွင်လမ်းရွာပတ်လမ်းကွန်ကရစ်ခင်းခြင်း(၂မိုင်) | |
| ၃ | ကျေးလက်ရေပေးဝေရေး | သောက်သုံးရေ | မိုးရေလှောင်ကန်တည်ဆောက်ခြင်း | |
| ၄ | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းတံတိုင်ကာရံခြင်း | |
| ၅ | အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ) | အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ) | စိုက်/မွေးဆိုင်ရာသင်တန်း | |

နောက်ဆက်တွဲ(၁)

**တောင်ပေါ်ကြီးကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်သန်းသန်းဆင့် | ဦးထွန်းဖြူ | | | ဥက္ကဌ | | |
| ၂ | ဦးသန့်ဇင်စိုး | ဦးထွန်း | | | အဖွဲ့ဝင် | | |
| ၃ | ဒေါ်ခင်ကောင်း | ဦးကျော်ညွန့် | | | အဖွဲ့ဝင် | | |
| ၄ | ဦးဇော်မင်း | ဦးချစ်ဆွေ | | | အဖွဲ့ဝင် | | |
| ၅ | ဒေါ်နန်းခမ်းအောင် | ဦးဖိုးထောင် | | | အတွင်းရေးမှူး | | |
| ၆ | ဦးငွေနိုင် | ဦးဖိုးဖြူ | | | အဖွဲ့ဝင် | | |
| ၇ | ဦးလှမင်းထွန်း | ဦးဖိုးသူ | | | စာရင်းကိုင် | | |

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (တောင်ပေါ်ကြီး)ကျေးရွာ

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ဖော်ပြချက်များ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆင့်ဆင့်စီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၁ | အစုအဖွဲ့များနစ်တက ျလုပ်ကိုင်ရာတွင်ပါ ဝင်ဆုံးဖြတ်နိုင်မှုရှိခြင်း | လစဉ်ခွင့်ရည်မှန်းချက်သော ညီအခွင့်အလမ်းများ မရှိခြင်း | ကျေးရွာလူထုအခြေပြုအဖွဲ့ရင် နှီးနှောင်မှုမရှိခြင်း | ကျေးရွာလူထုစုရုံးမိမှုရှိခြင်း | ကျေးရွာလူထုပူးပေါင်းပါဝင်နိုင်မှုပိုမို ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ခေါင်းဆောင်မှုသင်တန်းများရင်းအင်း သင်တန်းများပေးရန်လိုအပ် |
| ၂ | နယ်ရွာဘာသာကောင်းသုံးမှု မရှိသေးလိုသေးနိုင်မှု | မရှိသေးလို ကျွန်ုပ်ရဲ နရ်ကြောနမ်ရှိ | စမိတ်မရှိသေးသွယ်ရှိ | ကျေးရွာလူထုထံမှ ဝေ မသိတာနိုင်မှု | ကျေးရွာအား မြှင့်တင်ပေးစွဲညှိနှိုင်းမှုနှင့်ပိုမိုဆက် ကပ်ဆောင်ရွက်ခြင်း | ခေါင်းဆောင်ရှိမှုဖေလှဒုံအား ဆောင်ရွက်ခြင်း ဝင်ဆန်သမိုင်းဆောင်ရွက်ကြောင်း |
| ၃ | လက်ဖက်ကက်ကိုင်စရာ ကျွန်တော်ခြင်း | နည်းပညာအသုံးပြု နိုင်မှုအားနည်းခြင်း | | ရေကာပါလက်ကစိမ်းသပစ်စ ခဲရေနုတ်ရန်မရှိခြင်း | ကျွန်ုပ်တို့ပြည်သူများသိအပ်သည့်စစ် ခဲရေနုတ်ရန်လိုသည် | ရေကာပါစခင်းပေးပြီးပန်ပိုမိုညှိနှိုင်းရာလို စရေနက်ကျွန်ုပ်တို့မှုများအပေါ်လေ စရေနည်သင်တန်း(ဆက်/ပြု) |
| ၄ | အလုပ်အကိုင်အခွင့်အ လမ်းရှားပါး | ဒေသရလိုမှုများအတ တပ်ညာနည်းအ တ အကြုံပုံဟာသုတနည် းပါခြင်း | | | တတ်သိပြည်သူများသိအပ်သင်တန်းမျ းဖွင့်ပေးသိအပ် | အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တ န်းများ |
| ၅ | ကျောင်းသူကျောင်းသ ားများအောင်လေခံ ဖြမ်းမှုရှိ | ကျောင်းစံညှိနှိုင်း ရှိခြင်း | | ငွေကြေးအခက်အခဲရှိနက်ကခဲခြင်း | ပြင်ပ ကလေးကောင်းစွမ်းများနှင့်ဖိုခ ကျညီနိုင်အဆောင်ရွက်ခြင်း | ကျောင်းသားကျောင်းသူများစုံစိတ် ခမှုရှိရန်ကို ကျောင်းစံညှိနှိုင်းတရန် |
| ၆ | ရွာလုပ်ဆက်လမ်းကြ ောင်းရှိတွင်လမ်း းများကောင်းခြင်း | မကြာသေးမီ ဖြစ်စဉ်ေ ခြင်း | | ကျေးရွာလူထုအင်အား ဖြင့်ဆောင်ရွက်နိုင်ခြင်း | ကျေးရွာရှိအဖွဲ့များ တာဝန်ခွဲဝေဆောင်ရွက်သော ကျေးရွာကော် မွန်နှင့်ပိုမိုဆက်ဆောင်ရွက်ခြင်း | လမ်းဖန်ဆက်သွယ်ရေးအောင်မြင်ကြော င်းနှင့်အဆောင်ရွက်ခြင်း ကျောင်း ကောင်းမွန်အဖြစ်ဆောင်ရွက်ရန် |

**နောက်ဆက်တွဲ(၄)**

## တောင်ပေါ်ကြီးကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

| စဉ် | အဆိုပြုလုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ခေါင်းဆောင်မှုသင်တန်းစာရင်းအင်းသင်တန်း | ၅ | - | - | | | |
| ၂ | မိုးရေလှောင်ကန်တည်ဆောက်ခြင်း | ၁ | | - | - | - | |
| ၃ | ရောဂါစစ်ဆေးစမ်းသပ်နိုင်မည့်ဌာနရှိလာစေရန် | ၇ | | - | - | | |
| ၄ | စိုက်/မွေးဆိုင်ရာသင်တန်း | ၆ | - | - | - | - | - |
| ၅ | အသက်မွေးဝမ်းကြောင်းသင်တန်း | ၄ | - | - | - | - | - |